ဖလုံဘူတာကျေးရွာအုပ်စု၊ ဖလုံဘူတာကျေးရွာ
တိုက်ကြီးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(၂၀၁၇ - ၂၀၂၁)

ပြုစုရေးဆွဲသူ

ဖလုံဘူတာကျေးရွာအုပ်စု၊ ဖလုံဘူတာကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ဖလုံဘူတာကျေးရွာအုပ်စု၊ ဖလုံဘူတာကျေးရွာ၊ တိုက်ကြီးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်

ကျေးလက်နေပြည်သူများမှ ကူညီရေးဆွဲသည်။

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ

မာတိကာ

မာတိကာ ၁

စကားချီး ၅

ဖလုံဘူတာကျေးရွာအုပ်စု၊ ဖလုံဘူတာကျေးရွာသယံဇာတပြမြေပုံ၊ တိုက်ကြီးမြို့နယ် ၇

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ် ၈

(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျား-မ ရေးရာကိစ္စဆိုင်ရာ

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊

သတင်းနှင့်ဆက်သွယ်ရေး
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
၁၇
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၉
(၇) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ ၂၀
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ
၂၂
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေးစီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်
၂၇
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ
၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း
၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ

၃၀

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သား အင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ

ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၄ ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ

ဇယား ၂၄ ရွှေပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား ၂၅ ရွှေပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား ၂၆ ရွှေပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက်
လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော ၁၂ လ အတွင်း ကာကွယ်ဆေး ထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့်
အခြေအနေကောင်း များ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ**
၆၇

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ)
၇၀

ကိုးကားစာရင်း **၇၅**

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၀၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်း ပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ် များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော် လည်း လူထုအများစုနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင် သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များ နှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိ ခဲ့ပါ သည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်း ဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများ နှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိ နိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်


မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေး ဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း (ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဖေဖော်ဝါရီလ၊ ၂၀၁၇

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ဖလုံဘူတာကျေးရွာ
တိုက်ကြီးမြို့နယ်

ဖလုံဘူတာကျေးရွာအုပ်စု၊ ဖလုံဘူတာကျေးရွာသယ်ဇာတပြမြေပုံ၊ တိုက်ကြီးမြို့နယ်



အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

၁။ နိဒါန်း

(က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျေးရွာဖွံ့ ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျွန်ုပ်တို့၏ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲ ရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက် အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြု မိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသော အချက်များ နှင့်အဟန့်အတားဖြစ်စေသော အချက်များ၊ (၅)နှစ်တာကာလအပြီးတွင်ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်း ချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက် သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီ အစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကိုသိရှိစေရန် မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ် သည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်း များအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များ အနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာ နှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေ ဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာ ဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းများကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင် သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေး စီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထား ပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှု ရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့်လုပ်ငန်းများကို လူထု ပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက် အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်း နိုင်မည့်စီမံကိန်းများကို ဦးစား ပေးရွေးချယ် ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ် မူတည်၍ နောင်တွင်တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ရန်ကုန်မြို့မှ မိုင်(၆၀)ခန့်အကွာ ရန်ကုန်-ပြည်ကားလမ်းမကြီးမှ အရှေ့ဘက်(၂)မိုင်ခန့် အကွာ ရန်ကုန်-ပြည် မီးရထားလမ်းပေါ်တွင်တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ တိုက်ကြီးမြို့နှင့် ဆက်သွယ်သွား လာရလွယ်ကူပါသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိပြီး စိုက်ပျိုးရေးနှင့် ကူးသန်းရောင်းဝယ်ရေးတို့ ဖြစ်ကြသည်။ ဒေသ၏ တစ်နှစ်ပျမ်းမျှမိုးရေချိန် ၇၀ လက်မမှ ၁၀၀ လက်မကြားရရှိ၍ စိုက်ပျိုးရေးလုပ်ငန်း များအတွက် အသင့်အတင့် အထောက်အကူပြုသည်။ ကုန်းတွင်းပိုင်းဖြစ်၍ ဆားငန်ရေဝင်ရောက်၍ ကင်းလွတ် သည်။ ကျေးရွာအနီးတွင် မြောက်ဘက်(၁)မိုင်ခန့်အကွာတွင် မာဂရီချောင်း၊ တောင်ဘက်(၁.၅)မိုင်ခန့် အကွာ တွင် ဒုံးခိုက်ချောင်းတို့ ဖြတ်သန်းစီးဆင်းလျှက်ရှိကြသည်။ ကျေးရွာ၏ အရှေ့ဘက်(၃)မိုင်ခန့်အကွာတွင် မာဂရီ ကြိုးဝိုင်းနှင့် သပြုသစ်တောကြိုးဝိုင်းတို့ ရှိကြသည်။ လယ်ယာမြေများသည် စပါး၊ ပဲ စိုက်ပျိုးထုတ်လုပ်ရန်နှင့် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်ရန်တို့အတွက် အဓိကအားထားရာဖြစ်ပါသည်။

၂၀၁၅ ခုနှစ်၊ ၂၀၁၆ ခုနှစ်တို့ တွင် တိုက်ကြီးမြို့နယ်အတွင်းရှိ လှိုင်မြစ်ကမ်းဘေး ကျေးရွာအချို့ ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံး မှုများခံစားခဲ့ရသော်လည်း ကျန်ကျေးရွာမှာ ကင်းလွတ်ခဲ့သည်။ သို့သော် ရေကြီးနစ်မြုပ်နိုင်မှု အန္တရာယ်ရှိနေသည်။ အဓိကအားဖြင့် မာဂရီချောင်း ရေလျှံမှုကြောင့် ကျေးရွာ၏ လယ်ယာမြေအချို့ ရေလွှမ်းမိုးမှုဒဏ် အနည်းငယ် ခံစားခဲ့ရပါသည်။

(ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေ အသင့်အတင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီအသင့်အတင့် ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝသယံဇာတ မထွက်ရှိပါ။ တောင်သူအချို့မှာ တဘူးလှရေလှောင်တမံမှ လယ်မြေ(၅၀) ဧကခန့်ကိုသာ ရေသွင်းစိုက်ပျိုးနိုင်သည်။ မြေအောက်ရေကို အတန်အသင့် အသုံးပြုကြသည်။ ထွန်ယက်စိုက် ပျိုးနိုင်သည့်ဧက(၃၄၈)ဧကရှိပြီး စပါးနှင့် မတ်ပဲကို အဓိက စိုက်ပျိုးကြသည်။

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

အိမ်ထောင်စုပေါင်း (၂၅၈)စုနှင့် ကျား(၄၆၆)၊ မ(၄၉၁)ဦးဖြင့် လူဦးရေပေါင်း (၉၅၇)ဦးရှိကာ တစ်အိမ် ထောင်လျှင် ပျမ်းမျှ(၃.၇)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင် ပျမ်းမျှနှုန်း(၅)ဦးထက် လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိ လူဦးရေပေါင်း၏ ၆၂% ခန့်ရှိသဖြင့် အတော်အသင့် ကောင်းမွန်သော လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွါးဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သောအရွယ်ရှိ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ပိုများသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး အခြားကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများ ကိုလည်းအများစု လုပ်ကိုင်ကြသည်။ သို့ရာတွင် ကျွမ်းကျင်လုပ်သားရှားပါးပြီး အများစု၏ ဝင်ငွေမှာ သာမန် အားဖြင့် လျော့နည်းသည်။ ဆင်းရဲချမ်းသာအဆင့် သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၄၇%)သည် ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုအဆင့် အဖြစ်ခံယူကြပြီး၊ (၄၈%)သည် အလယ်အလတ် အဆင့်၊ (၅%) သည် ချမ်းသာသောအဆင့် ရှိကြသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ ပွင့်လင်း ရာသီတွင် ကူးသန်းရောင်းဝယ်မှု ကောင်းမွန်ကြ၍ ကျေးရွာစီးပွားရေး အနေအထားမှာ အသင့်အတင့် ကောင်းမွန်သည်ဟုပြောနိုင်သည်။ ချမ်းသာသော အိမ်ထောင်စုများအပြင် အခြားလယ်သမား အိမ်ထောင်စု အချို့မှာ လည်း ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ အသေးစားအိမ်တွင်းလုပ်ငန်းအချို့ကို လုပ်ကိုင်ကြပါသည်။ ကူးသန်း ရောင်းဝယ်ရေး အိမ်ထောင်စုအချို့နှင့် အစိုးရဝန်ထမ်းအချို့လည်း ငွေရေးကြေးရေး အသင့်အတင့် အဆင်ပြေ ကြသည်။

ကျေးရွာတွင်ဆင်းရဲအဆင့် အလယ်အလတ်အဆင့်သည် အချိုးကျရှိနေသည်။ မြေယာမဲ့အိမ်ထောင်စု အရေအတွက်(၇၂.၉%)ထိရှိပြီး ၎င်းတို့မှာ ဆင်းရဲနှင့် အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများ ဖြစ်ကြသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု များပြားသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်း၊ ဆောက် လုပ်ရေးလုပ်ငန်း၊ လက်လီလက်ကား ရောင်းဝယ်ရေးနှင့် တနိုင်တပိုင် မွေးမြူရေးလုပ်ငန်းများတွင် အလုပ် အကိုင် ရှာဖွေရရှိနိုင်ကြသည်။ ကျေးရွာမ ှဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများ၏ ၃၀% ဖြစ်သော အိမ်ထောင်စု(၃၀)စုကို စစ်တမ်းကောက်ယူမှုအရ ၎င်းတို့၏ ၃% သာ ၆ လမှ ၁၂ လအထိ သူတစ်ပါးထံမှ မချေး ငှားဘဲ နပ်မှန်စားသုံးနိုင်ပြီး၊ ၆၀% မှာ ၃ လခန့်နှင့် ၃၇% မှာ ၃ လမှ ၅ လခန့် စားသုံးနိုင်ကြသည် ။

အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သော အိမ်ထောင်စုအားလုံးသည် အကြွေးငွေ တစ်သောင်းကျပ်မှ ဆယ်သိန်းကျပ် ထိတင်ရှိနေကြသည်။

မိသားစုစောင့်ရှောက်မှု မရှိသော ၆၀ နှစ်အထက် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု(၃)စုရှိပြီး ဆင်းရဲသော အမျိုးသမီးဦးဆောင် အိမ်ထောင်စု(၈)စု၊ မုဆိုးဖို၊ တစ်ခုလပ်ဦးဆောင်သော အိမ်ထောင်စု(၄)စုနှင့် အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်နေထိုင်လုပ်ကိုင်နေရသည့် အိမ်ထောင်စု(၂)စုတို့သည် ဆင်းရဲပြီးထိခိုက် လွယ်သော အိမ်ထောင်စုများဖြစ်ကြသည်။

ကျေးရွာပြင်ပသို့ သွားရောက်ပြီး ဝင်ငွေရရှိရေးအတွက် အလုပ်လုပ်ကိုင်ကြသည့် လူငယ်လူရွယ်များ သည် လိင်မှတဆင့် ကူးစက်တတ်သည့်ရောဂါများ၊ အရက်နှင့် မူးယစ်ဆေးဝါးသုံးစွဲမှု အန္တရာယ်တို့ရှိတတ် ကြသည်။ လွန်ခဲ့သောနှစ်များက မော်တော်ဆိုင်ကယ် မတော်တဆမှု(၃)မှုကြောင့် ကျေးရွာသား(၃)ဦး အသက် ထိခိုက်ဆုံးရှုံးခဲ့ရပြီး အခြားထိခိုက်ဒဏ်ရာရမှု အနည်းငယ်သာ ဖြစ်ပွားခဲ့သည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှု ရှိကြ သည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ ယခင်ဌက်ဖျားရောဂါ ထူပြောသောဒေသဖြစ်ခဲ့သော် လည်း ယခုအခါ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် Unicef တို့ပူးပေါင်း၍ ဌက်ဖျားတိုက်ဖျက်ရေး စီမံကိန်း အောင်မြင်မှုကြောင့် ဌက်ဖျားကင်းစင်ဒေသအဖြစ် ကြေငြာနိုင်ပြီဖြစ်သည်။ မိုးရာသီတွင် သွေးလွန်တုပ်ကွေး ရောဂါဖြစ်ပွါးမှု ရှိကြောင်းတွေ့ရသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရည် သန့်ရှင်းမှုနှင့် ကျန်းမာရေး အသိအမြင်များ ရှိကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေး စောင့် ရှောက်မှုများကို ကျေးရွာတွင်းရရှိနိုင်သော်လည်း ကျေးရွာနှင့် (၁၂)မိုင်ခန့်ဝေးသော မြို့နယ်ဆေးရုံ၊ ဆေးဆိုင် များကို သွားလာရန် အနည်းငယ် ခက်ခဲမှု ရှိနေကြသည်။

ကျေးရွာတွင် လက်နှိပ်တုံကင်၊ မော်တာသုံးတုံကင်များမှ မြေအောက်ရေကို အလွယ်တကူ ရရှိနိုင်ကြပြီး ဝမ်းပျက်၊ ဝမ်းလျှော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင် စသောရောဂါ ဖြစ်ပွါးမှုများ နည်းပါးကြောင်းတွေ့ရှိရသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်း တွေ့ရှိရပါသည်။ ရွာသားအများစု သည်အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက် အတော်အတင့်ရှိသည်။ အခြေခံပညာရေးကို ရွာတွင်းရှိ မူလတန်း၊ အထက်တန်းကျောင်း(ခွဲ)တို့တွင် တက်ရောက်သင်ကြားနိုင်ကြ သည်။ သို့သော် အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ

နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် ထိုက်သင့်သော အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။

(စ) ကျား-မ ရေးရာကိစ္စဆိုင်ရာ

ကျေးရွာတွင် ကျား-မ ရေးရာကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မ ရေးရာဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ ရပါ ။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာ ရရှိသည်ဟုပြောနိုင်ပါသည်။ သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုး သားများက ပိုမိုရကြသည်။ လုပ်ငန်းခွင်တွင် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခ လျော့နည်းပြီးရကြသည်။ အုပ်ချုပ်ရေး အဖွဲ့အစည်းများ တွင်မူ အမျိုးသမီးပါဝင်မှုမှာ အလွန်နည်းပါးသည်။ ကျား-မ တန်းတူညီမျှမှုနှင့် ပါတ်သက်၍ အသိပညာပေး ခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မ တန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ(၁)ဖွဲ့ရှိပြီး လူမှုရေးအဖွဲ့အစည်း(၂)ဖွဲ့ရှိသည်။ မွန်မြတ် သန့်စင်အသင်းသည် လူနာတင်ယာဉ်တစ်စီး၊ နာရေးယာဉ်တစ်စီးနှင့် ကျေးရွာနှင့် ကျေးရွာခွဲများအပြင် အခြား ကျေးရွာအုပ်စုများအထိ ဝန်ဆောင်မှုပေးနိုင်သော အဖွဲ့အစည်းဖြစ်ပါသည်။ ရွာလယ်အသင်းမှာမူ သာရေး/ နာရေးတို့အတွက် အသင်းဝင်ထားသူ အိမ်ထောင်စုများကိုသာ ကူညီထောက်ပံ့ပေးနေခြင်း ဖြစ်ပါသည်။ ကျေး ရွာမီးလင်းရေးအဖွဲ့၏ စွမ်းဆောင်နိုင်မှုသည် အလွန်ကောင်းပါသည်။ ကျေးရွာအား ကိုယ်ထူကိုယ်ထ မီးလင်း စေရေးဆောင်ရွက်ခဲ့ပြီး ကျေးရွာခွဲ အချို့ပင် မီးလင်းစေခဲ့ပြီဖြစ်ပါသည်။ အမျိုးသမီးရေးရာ အသင်းမှာ လူပ်ရှား ဆောင်ရွက်မှု အားနည်းပါသည်။

ကျေးရွာရှိ အဆိုပါ အဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့် တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု အားနည်းပြီး အဖွဲ့အစည်းဆိုင်ရာ သဘောတရားနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက် ကောင်းမွန်လာနိုင်ပါသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးနှင့် မတ်ပဲကို အဓိကထား စိုက်ပျိုးကြသည်။ မိုစပါးစိုက်ဧက (၃၄၈)ရှိပြီး သီးထပ် အဖြစ် မတ်ပဲ(၈၀)ဧကနှင့် နွေစပါး(၅၀)ဧက စိုက်ပျိုးကြသည်။ မိုးစပါးပျမ်းမျအထွက်မှာ (၅၅)တင်း၊ နွေစပါး (၆၀)တင်းနှင့် မတ်ပဲ(၃.၅)တင်းနှုန်းတို့ ထွက်ရှိကြသည်။ နွေစပါးစိုက်ဧက(၅၀)ကို တဘူးလှရေလှောင်တမံမှ ရေသွင်းစိုက်ပျိုးကြသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှု နည်းပါးပြီး စိုက်ပျိုးရေးပစ္စည်းကုမ္ပဏီများလည်း လာရောက်ဝန်ဆောင်မှု အားနည်းပါသည်။ သို့သော်ကျေးရွာသည် အစဉ်အဆက် စိုက်ပျိုးရေး အသိပညာ၊ နည်း ပညာမြင့်မားပြီး၊ စိုက်ပျိုးရေး စံနမူနာကောင်းများ ပေါ်ထွက်ခဲ့ဖူးသည်။ ဥပမာ-တဆုပ်မွားစပါးမျိုးကို စမ်းသပ် အောင်မြင်ခဲ့သော တောင်သူကြီး ဦးသိန်းအောင်သည် ကျေးရွာသားတစ်ဦးဖြစ်သည်။ တောင်သူအများစုသည် လယ်ယာလုပ်သားရှားပါးမှု ယခုနောက်ပိုင်းနှစ်များတွင် ကြုံတွေ့နေရပြီး စက်မှုလယ်ယာစနစ်ကို ပိုမိုဦးစားပေး ဆောင်ရွက်နေကြရသည်။ သို့သော် လယ်ယာသုံးစက်ကရိယာ ဝန်ဆောင်မှုကို လိုအပ်သလောက် မရနိုင်သဖြင့် အခက်အခဲ ကြုံတွေ့နေကြရသည်။ တခါတရံ မိုးရွာသွန်းမှု မညီမျှမှု မတ်ပဲစိုက်ခင်းများတွင် ဖျက်ပိုးကျရောက်မှု သီးနှံပေါ်ချိန်တွင် ဈေးနှိမ်ခံရမှုတို့ကို ရင်ဆိုင်ကြရပြီး နိုင်ငံတော်မှ စိုက်ပျိုးရေးကဏ္ဍကို ယခုထက်ပို၍ ဝန်ဆောင်မှုပေးရန် လိုလားတောင့်တနေကြသည်။

မွေးမြူရေးတွင် စီပီကြက်၊ ငုံးမွေးမြူကြပြီး ဈေးကွက်တွင် ဝယ်လိုအားရှိကြသည်။ ယခုနှစ်တွင် ဝက်နားရွက်ပြာရောဂါ ကျရောက်မှုကြောင့် ဝက်မွေးမြူရေးလုပ်ငန်း အကြီးအကျယ် ထိခိုက်ပျက်စီးမှု ရှိခဲ့သည်။ နည်းပညာဝန်ဆောင်မှုကို မြို့နယ်မွေးကုဦးစီးဌာနမှ ရရှိနိုင်သော်လည်း ဝန်ထမ်းမလုံလောက်မှုကြောင့် လွှမ်းခြုံ ဆောင်ရွက်ပေးနိုင်မှု အားနည်းသည်။ မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာ အဟန့်အတားများအနေဖြင့် ဆင်းရဲသော အိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်းတည်ထောင်၊ တိုးချဲ့ဆောင်ရွက်ရန် ချေးငွေကို အလွယ်တကူ မရရှိနိုင် ကြချေ။ ကျေးရွာထဲမှ ငွေချေးသူများထံမှ ချေးငှားလျှင်လည်း အတိုးနှုန်းမှာ မြင့်မားတတ်သည်။ ကျေးရွာတွင် ရေ၊ မြေနေရာ အဆင်မပြေ၍ ငါးမွေးမြူရေးလုပ်ငန်း မရှိပါ။

(ဂ) စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်း မဖွံ့ဖြိုးပါ။ အခြားဝင်ငွေရ လုပ်ငန်းများမှာ နေ့စားအလုပ် များ၊ သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများ၊ ကူးသန်းရောင်းဝယ်ရေး၊ ခေါင်းရွက်ဗျက်ထိုး၊ အစိုးရဝန်ထမ်း လုပ်ငန်းတို့ဖြစ်ကြသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့် အနေအထားတွင်ရှိသည်။ လက်လုပ်လက်စား အလုပ်များမှာ ပွင့်လင်းရာသီတွင် သာအလုပ်အကိုင်များပြီး မိုးရာသီတွင် လယ်ယာလုပ်ငန်းခွင်တွင် ဝင်ရောက်လုပ်ကိုင်သူ အနည်းငယ်သာရှိ သည်။ အများစုမှာ နေ့တွက်ဝင်ငွေနည်းပါးမှု၊ လုပ်ငန်းမကျွမ်းမှုတို့ကြောင့် လယ်ယာလုပ်ငန်းခွင်တွင် ဝင်ရောက် လုပ်ကိုင်သူ နည်းပါးခြင်းဖြစ်ပြီး ၎င်းတို့သည် မိုးရာသီတွင် ရွှေ့ပြောင်းလုပ်သားများအဖြစ် ရန်ကုန်ကဲ့သို့သော မြို့ကြီးများသို့ သွားရောက်လုပ်ကိုင်ကြသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေအတော်အသင့်များပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလားအလာ ကောင်းတစ်ရပ်ဖြစ်သည်။ မြို့ပေါ်တွင် အသက်မွေးဝမ်းကျောင်း သင်တန်းအချို့ကို ဝန်ဆောင်မှု ပေးနိုင်သော လုပ်ငန်းများရှိပြီး စက်ချုပ်၊ ဇာထိုးပန်းထိုး၊ အလှပြင်၊ မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ဝပ်လျှော့စသည်တို့သည် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖြစ်ကြသော် လည်း ရွာသားအများစုသည် အဆိုပါသင်တန်းများကို လက်လှမ်းမမီကြပါ။ လုပ်ငန်းခွင်သုံးပညာအရည်အချင်း ပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျကြပြီး သင်တန်းစရိတ် အကုန်အကျခံရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း မတတ်နိုင်ကြချေ။ သို့သော် တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖွင့်လှစ်သင်ကြား ပေးသော ဆိုင်ကယ်ပြင်သင်တန်းကဲ့သို့ သင်တန်းများရှိလာပြီဖြစ်သဖြင့် ကျေးရွာသားများအတွက် အားတက် ဖွယ်ဖြစ်လာပြီဖြစ်ပါသည်။ အမျိုးသမီးများအတွက် စက်ချုပ်၊ ဇာထိုးပန်းထိုးကဲ့သို့သော သင်တန်းများကိုဖွင့် လှစ်ပို့ချပေးနိုင်ပါက ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှု အလားအလာ တိုးတက်ကောင်းမွန်လာနိုင်မည် ဖြစ်ပါသည်။

(ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် မတ်ပဲစိုက်ခင်းများတွင် ဖျက်ပိုးများ ကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓာတု မြေဩဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက် စုံပိုးမွှားနှိမ်နင်းရေး စနစ်အစား လက်ငင်းထိရောက်မှုရှိသော ဓါ တုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများ သည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ မစွန့်ပစ်ကြ သဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

ကျေးရွာတွင် ကိုယ်ထူကိုယ်ထ မီးလင်းရေးဆောင်ရွက်ခဲ့စဉ်ကလည်း ဓါတ်တိုင်များစိုက်ထူခြင်း၊ ဓါတ် ကြိုးများသွယ်တန်းခြင်းတို့ဖြင့် မလွတ်ကင်းသောကြောင့် လမ်းဘေးဝဲယာရှိ နှစ်သက်တမ်းကြာမြင့်လှပြီဖြစ် သော အရိပ်ရပင်ကြီးများကို ခုတ်လှဲခဲ့ရသဖြင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုရှိခဲ့သည်။

တိုက်ကြီးမြို့နယ် လှိုင်မြစ်ကမ်းဘေးကျေးရွာများ မိုးရာသီရေလွှမ်းမိုးမှု ဖြစ်ပွားခဲ့သော်လည်း ကျေးရွာ မှာကင်းလွတ်ခဲ့သည်။ သို့သော် မာဂရီချောင်း ရေလျှံမှုကြောင့် လယ်ယာမြေအချို့ အနည်းငယ်ရေနစ်မြုပ်မှု ကြုံ တွေ့ခဲ့ရသည်။ ကုန်းတွင်းပိုင်းတွင် တည်ရှိသောကြောင့် မုန်တိုင်းအန္တရာယ်မှ ကင်းလွတ်သည်။ မီးဘေး၊ ငလျင် စသော သဘာဝဘေးအန္တရာယ်များအတွက်မူ ကြိုတင်ပြင်ဆင်မှုအားနည်းသည်။ သစ်တောကြိုးဝိုင်းများနှင့် နီး ကပ်စွာတည်ရှိသောကြောင့် တောဆင်ရိုင်းအန္တရာယ်ကိုလည်း ကြုံတွေ့ရတတ်သည်။ အခါအားလျော်စွာကျ ရောက်တတ်သော မိုးခေါင်ခြင်းမှာလည်း သဘာဝဘေးအန္တရာယ် တစ်ရပ်အနေဖြင့် ရှိနေဆဲဖြစ်ပါသည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှ လယ်သမားများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို တစ်ရာ ကျပ်လျှင် အတိုးနှုန်း(၀.၆၇)ပြားနှုန်းဖြင့် တစ်ဧက တစ်သိန်းခွဲကျပ်နှုန်းဖြင့် အများဆုံး ဆယ်ဧက ချေးယူနိုင်ကြ သည်။ သမဝါယမမှလည်း အသင်းဝင်ထားသော လယ်သမားများ ချေးငွေထုတ်ပေးသည်။ လယ်သမား မဟုတ်သော အိမ်ထောင်စုများမှာမူ ကျေးရွာတွင် ငွေတိုးချေးစားသူများထံမှ တစ်နှစ်အတိုးနှုန်း ၃၅% မှ ၆၀% ဖြင့်လည်းကောင်း၊ မိတ်ဆွေ၊ မိသားစုဝင်များထံမှ တစ်နှစ်အတိုးနှုန်း ၁၅% ခန့်ဖြင့်လည်းကောင်း ချေးယူနိုင် ကြသည်။ သို့သော် ဆင်းရဲသောအိမ်ထောင်စုများအတွက် ချေးငွေအလွယ်တကူ ရရန်ခက်ခဲပြီး များသောအား ဖြင့် အပေါင်ပစ္စည်းဖြင့်သာ ချေးယူနိုင်ကြသည်။

ကျေးရွာသားအများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ (ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး)တို့ အတွက် ဦးစားပေးချေးယူကြပြီး အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြသည်။ ကျေးရွာတွင် ချေးငွေလို အပ်ချက်များပြားကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် အကြွေတင်ရှိမှုစစ်တမ်း ကောက်ယူမှုအရ ပါဝင်သော ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများအားလုံးသည် အကြွေးတင်ရှိနေကြပြီး အနည်းဆုံး တစ်သောင်း ကျပ်မှ အများဆုံး ဆယ်သိန်းကျပ်အထိ ချေးယူထားကြောင်း တွေ့ရှိခဲ့ရသည်။ ၎င်းအိမ်ထောင်စုများ၏ ၉၅% သည် အကြွေးငွေ နှစ်သိန်းအောက် ချေးယူထားကြပြီး ၅% မှာ နှစ်သိန်းအထက် ချေးယူထားကြောင်း တွေ့ရှိ ရသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် စာသင်ကျောင်းနှစ်ကျောင်းရှိပြီး ဘူတာအနောက်(အမက)နှင့် ဘူတာအရှေ့(အထကခွဲ) တို့ဖြစ်ကြသည်။ ဘူတာအနောက်(အမက)ကျောင်းမှာ အလျား ၆၀ ပေ၊ အနံ ၃၀ ပေ၊ အမြင့် ၂၀ ပေ အရွယ်ရှိ ကျောင်းဆောင်ဖြင့် သင်ကြားပေးလျက်ရှိပြီး ဘူတာအရှေ့(အထကခွဲ)ကျောင်းမှာ ယခင်က အလကအဖြစ်သာရှိ ရာမှ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင်မှ အထက(ခွဲ)အဖြစ် အဆင့်မြှင့်တင် ပေးခဲ့ခြင်းဖြစ်သည်။ သို့သော် ကျောင်းသုံးပရိဘောဂ အခက်အခဲ၊ အထက်တန်းပြ ဆရာ၊ ဆရာမ အခက်အခဲတို့ကြောင့် နဝမတန်းအထိသာ သင်ကြားပေးနိုင်ခြင်းရှိသေးသည်။ အထက(ခွဲ)၏ ကျောင်းသားနှင့် ဆရာအချိုးမှာ မညီမျှမှု ရှိနေသေးသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ တစ်ခုရှိသည်။ သားဖွားဆရာမ(၁)ဦးသာရှိ၍ ကျန်းမာရေး ဝန်ဆောင်မှုတို့အတွက် အနည်းငယ် ခက်ခဲမှုရှိသည်။ အနီးဆုံး(၅)မိုင်ခန့်အကွာတွင် ဥက္ကံမြို့တိုက်နယ်ဆေးရုံရှိ သော်လည်း ဆေးဝါးမလုံလောက်မှုတို့ကြောင့် ကျေးရွာနှင့်(၁၂)မိုင်ခန့်အကွာရှိ တိုက်ကြီးမြို့နယ် ဆေးရုံကိုသာ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှု ခံယူကြရသည်။

သောက်ရေအတွက် လက်နှိပ်ရေတုံကင်နှင့် မော်တာသုံးရေတုံကင်များ တပ်ဆင်သုံးစွဲကြပြီး ရေလုံ လောက်မှုရှိပါသည်။ ချမ်းသာသော အိမ်ထောင်စုများက အိမ်သာကျင်းကို အုတ်ဖြင့်

ဆောက်လုပ်ထားကြပြီး ဆင်းရဲသော အိမ်ထောင်စုများက ဝါးရိုင်ပတ်ဖြင့် ဆောက်လုပ်သုံးစွဲကြသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့်ဆက်စပ် ဖြစ်ပွါးတတ်သော ရောဂါဖြစ်ပွါးမှု နည်းပါးသည်။ စာသင် ကျောင်းများတွင် ကျောင်းအိမ်သာကို စနစ်တကျ ဆောက်လုပ်ထားသော်လည်း စည်းကမ်းမဲ့အသုံးပြုမှုများရှိ၍ သန့်ရှင်းမှု မရှိပါ။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထား သီးသန့်မရှိပေ။ အများစုသည် ကျေးရွာ ရှိ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြသည်။ လူငယ်အများစုအတွက် အလုပ်အကိုင် အခွင့်အလမ်း နည်းပါးကြပြီး အများစုမှာ အလုပ်လက်မဲ့ ဖြစ်နေကြသည်။ အများစုသည် ရိုးရာဝတ်စုံကို ဝတ်ဆင်ကြပြီး ဘာသာရေးပွဲတော်များတွင် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။ ယောကျ်ားလေးအများစုသည် ဘောလုံးအားကစားကို ခုံမင်နှစ်သက်ကြပြီး ကိုယ်တိုင်ကိုယ်ကျ ကစားရန်လည်း စိတ်အားထက်သန်ကြသည်။ ကျေးရွာမှ နိုင်ငံ့လက်ရွေးစင်အဆင့် ဘောလုံးအားကစားသမား ပေါ်ထွက်ခဲ့ဖူးသော်လည်း ယခုအခါ ကျေးရွာ တွင်ဘောလုံးကွင်းမရှိချေ။

(ဇ) အခြေခံ အဆောက်အဦ - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာသည် ရန်ကုန်-ပြည်ကားလမ်းမမှ (၂)မိုင်ခန့် ကွာဝေး၍ ရန်ကုန်-ပြည် မီးရထားလမ်းပေါ်တွင် တည်ရှိသည်။ ဖလုံ-မြိုင်ဟောဝန်လမ်းမကြီးသည် ရန်ကုန်-ပြည်ကားလမ်းမကြီးမှ (၁၂.၅)မိုင်အကွာ မြိုင်ဟောဝန် ဆင်စခန်းကို သွယ်တန်းဖေါက်လုပ်ထား၍ ကျေးရွာသည် ၎င်းလမ်းမကြီး အဓိကအားပြုနေရသည်။ ယခင်က ကျောက်ခင်းလမ်း ဖြစ်သော်လည်း ယခုအခါ ကွန်ကရစ်ဘီးလမ်းအဖြစ် အဆင့်မြှင့်တင်ပြီးဖြစ်သည်။ ရေလမ်း ခရီးအသုံးပြုမှုမရှိဘဲ ကျေးရွာတွင် ဘူတာရုံရှိပြီး ဥက္ကံမြို့၊ တိုက်ကြီးမြို့တို့ကဲ့သို့ အနီးဆုံးမြို့များကို မီးရထား ဖြင့် လွယ်ကူစွာ သွားလာနိုင်သည်။

ကျေးရွာတွင် လျှပ်စစ်မီးကို ( )ခုနှစ်မှစ၍ ကိုယ်ထူကိုယ်နည်းဖြင့် ဆက်သွယ်ထားရှိပြီး ကျေးရွာရှိ အိမ်ထောင်စုအားလုံး၏ ၆၅% ခန့် သွယ်တန်းအသုံးပြုနေကြပြီးဖြစ်သည်။ ကိုယ်ထူကိုယ်ထစနစ်ဖြစ်၍ ဆင်းရဲသော အိမ်ထောင်စုများအတွက် လျှပ်စစ်မီးရရှိရန် အနိမ့်ဆုံးငွေ ငါးသိန်းကျပ်ခန့် ကုန်ကျနိုင်၍ လက်လှမ်းမမီကြပါ။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို စျေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှု လုပ်ငန်း များအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြသည်။ အင်တာနက်ကို လွယ်ကူလျင်မြန်စွာ အသုံးပြုနိုင်ပြီး သတင်း အချက်အလက်များကို အချိန်နှင့် တပြေးညီရရှိ မျှဝေအသုံးပြုနိုင်သည်။ ကျေးရွာစာကြည့်တိုက်မှာ ရန်ကုန်မြို့၊ မြန်မာ့စာကြည့်တိုက်ဖေါင်ဒေးရှင်းနှင့် ချိတ်ဆက်ထား၍ စာအုပ်စာတမ်းများ၊ မဂ္ဂဇင်း၊ ဂျာနယ်တို့ကို လက်ခံ ရရှိမှုများရှိသည်။ ရွာသားများသည် နေ့စဉ်သတင်းစာ၊ အပတ်စဉ်ဂျာနယ်တို့ကို

ဝယ်ယူဖတ်ရှုကြပြီး တစ်ရွာလုံး အတိုင်းအတာဖြင့် အင်တာနက်လိုင်း၊ တယ်လီဖုန်းလိုင်းနှင့် သတင်းဆက်သွယ်ရေးမှာ ပြည့်စုံကောင်းမွန်မှုရှိ ကြောင်းတွေ့ရှိရပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်း ဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုကို အဆင်ပြေစေသည်။ အင်တာနက်လိုင်း၊ ဖုန်းလိုင်း ဆက်သွယ်ရေးကောင်းမွန်၍ လိုအပ်သော သတင်းအရင်းအမြစ်များအတွက် ဆက်သွယ်သိရှိနိုင်သည်။ အာမခံစနစ်ကို ချိတ်ဆက်အသုံးပြုနိုင်သော်လည်း ချိတ်ဆက်ဆောင်ရွက်ထားသူ မရှိသလောက်ပင်ဖြစ်သည်။ သစ်တောကြိုးဝိုင်းများနှင့် နီးစပ်နေသောကြောင့် တောဆင်ရိုင်းများ၏ စိုက်ခင်းများအတွင်း ဝင်ရောက်မှု၊ လူများကို အန္တရာယ်ပေးနိုင်မှု အခြေအနေကို ကြုံတွေ့ ရနိုင်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်း မရှိပါ။ ကျေးရွာတွင် အမှတ်(၃)နယ်မြေရဲကင်း ဖလုံရှိပြီး ရာဇဝတ်မှုဖြစ်ပွါးခြင်း နည်းပါးသည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓာတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ကြသဖြင့် ထင်းသက်သာသည့် လျှပ်စစ်မီးဖိုဖြင့် ချက်ပြုတ်ခြင်း၊ ကျောင်းသူကျောင်းသားများအတွက် စာဖတ်ချိန် အထောက်အပံ့ဖြစ်ခြင်း စသော လူနေမှုအဆင့်အတန်း မြင့်မားလာရေးအတွက် အထောက်အကူပြုနေသည်။

လူငယ်ပညာတတ်များရှိပြီး လူဦးရေအားလုံး၏ ၆၂.၃% မှာ အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြ သည်။ ဘွဲ့ရအရေအတွက် အသင့်အတင့်ရှိပြီး ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်း သင်တန်းများကို လူငယ်များကို လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေပါမည်။

ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျေးရွာသားများ အနေဖြင့်စိုးရိမ်ရသော ဆေးဝါးကုသလိုမှုအတွက်လည်း တိုက်ကြီးမြို့နယ် ဆေးရုံသို့သွားရောက်ပြီး ဆေးကုသ မှုများခံယူနိုင်ကြသည်။ ကျေးရွာတွင် စာသင်ကျောင်းနှင့် ပံ့ပိုးပစ္စည်းများမှာ လက်ရှိပညာရေး အနေအထား အတွက် ကောင်းမွန်သော အဆင့်တွင် ရှိနေကြသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီညြေဓာ အတော်အသင့် ကောင်း မွန်သည်။ တောင်သူများလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင်ပေးနိုင်သည်။ မိုးရွာ သွန်းမှုမှာ စပါးနှင့် ဆောင်းသီးနှံများစိုက်ပျိုးရန်

အထောက်အပံ့ဖြစ်သည်။ ကျေးရွာတွင် တဘူးလှဆည်မှ ရေရ ရှိ၍ နွေစပါး(၅၀)ဧကကို ရေသွင်းစိုက်ပျိုးနိုင်သည်။ အနီးဆုံးမြို့များဖြစ်သော တိုက်ကြီးမြို့၊ ဥက္ကံမြို့များနှင့် စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်မြို့တို့ကို ကတ္တရာလမ်း၊ ရထားလမ်းတို့ဖြင့် ကူးသန်းသွားလာနိုင်သည်။

ကျေးရွာတွင် မွေးမြူရေး ထွက်ကုန်ရောင်းချရန် ဈေးကွက်ကောင်းသည်။ CP ကြက်နှင့် ငုံးကိုတိုးချဲ့ မွေးမြူရန် အခွင့်အလမ်းသာသည်။ သို့သော် မွေး/ကုဋီးစီးဌာနမှ လိုအပ်သော နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုကို လည်း တိုးမြှင့်ဆောင်ရွက်ပေးရန် လိုအပ်သည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းေသာကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန် ဆောင်မှုလုပ်ငန်းများအတွက် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်သည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှု ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာရှိလယ်ယာမြေများမှာ မြေဆီလွှာအသင့်အတင့် ကောင်းမွန်သည်မှအပ အခြားသယံဇာတများ မထွက်ရှိပါ။ လယ်ယာမြေကို ထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမားများအဖို့ အထွက်နှုန်းတိုးမြင့် အောင်အားစိုက်ရပေမည်။

တဘူးလှဆည်မှ ရေရရှိသော်လည်း နောက်ပိုင်းတွင် ရေသွယ်မြောင်း တိုးချဲ့ဆောက်လုပ်ပြီး ရေသွင်း စိုက်ပျိုးနိုင်မည့်ဧက တိုးတက်လာစေရန် ဆောင်ရွက်သင့်ပါသည်။ ထို့အပြင် ပိုးသတ်ဆေးအချို့ကို ခံနိုင်သော ဖျက်ပိုးများလည်း မတ်ပဲစိုက်ခင်းများတွင် ကျရောက်တတ်သည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာ ပိုင်းဆိုင်ရာ ဝန်ဆောင်မှုကို ရရှိနိုင်သော်လည်း ဖျက်ပိုးနှိမ်နှင်းရေးနှင့် ပါတ်သက်၍ ထိရောက်စွာ အကောင် အထည်ဖော်ပေးသော အစီအစဉ်မရှိသေးပါ။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေးကျင့် သုံးနိုင်ရေး အထောက်အပံ့များ ရရှိရန်လိုအပ်သည်။ ကျေးရွာတွင် ငွေတိုးချေးသူများရှိသော်လည်း အတိုးနှုန်းမှာ မြင့်မား တတ်သည်။ ဘဏ်များမှ ကျေးရွာအရောက် ဝန်ဆောင်မှုပေးသော စနစ်လည်းမရှိပဲ ချေးငွေလိုအပ်သော အိမ်ထောင်စုများမှာ စီးပွါးရေးဘဏ်၊ ဖွံ့ဖြိုးရေးဘဏ်များမှ ငွေချေးရန် စာရွက်စာတမ်း လိုအပ်ချက်များ ဖြည့် စွက်ရာများတွင် အခက်အခဲ ကြုံတွေ့ရတတ်သည်။

ကျေးရွာတွင် အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်းမရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေပံ့မှန်ရရှိရေးအတွက် အကန့်အသတ် ရှိနေပါသည်။ ဒေသတွင်လည်း အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း၊ တတ်သိ ပညာ၊ အထိအတွေ့တို့ အားနည်းပါသည်။

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျွန်ုပ်တို့ ကျေးရွာလူထုကိုယ်တိုင် တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုး ရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ အလုပ်အကိုင်များဖန်တီးခြင်း၊ သက်မွေး ပညာသင်တန်းများ ရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွါးရေးအနေအထားကို တိုးတက်ရရှိစေမည်။

က.၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် ကလေးငယ်များ ၏ လူသားဆိုင်ရာ စွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

က.၃) ကျွန်ုပ်တို့ ကျေးရွာလူထုသည် ကျန်းမာရေး ဗဟုသုတပြည့်ဝ၍ ကျန်းမာရေး အခြေခံအဆောက်အအုံ များတိုးတက်စေရမည်။ ကျန်းမာရေး အသိပညာများတိုးပွား၍ ကျန်းမာရေး ပြုစုစောင့်ရှောက်မှုများမှ တဆင့် လူသားတိုင်း ကျန်းမာစေရမည်။ ကျန်းမာရေး ပညာပေးသင်တန်းနှင့် နည်းပညာများရယူကာ တစ်ရွာလုံး ကျန်းမာကြဘိုင်သောသူများ ဖြစ်စေရမည်။

က.၄) ကျွန်ုပ်တို့ကျေးရွာလူထုသည် အသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအုပ်စုများ ဖွဲ့စည်းပြီး ကျေးရွာ အခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် မြင့်မားလာမှုမှတဆင့်၊ ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှု ယန္တရားတိုးတက် လာစေရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင် အရင်းအနှီးငွေ၊ နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေး ငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ ရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီး ငွေများရရှိပါကာ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။ အလားတူပင် ကျေးရွာ တွင် စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာများ ထွန်းကားလာရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာ သင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာ နည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွား မည်။ သင်တန်းတက်ထားသူများက တဖန်ကျေးရွာတွင် ရရှိထားသော နည်းပညာများကို မျှဝေပေးပြီး မိမိတို့ ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှု တိုးတက်စေမည်။

ခ.၂) ကျွန်ုပ်တို့သည် အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ယိုနှင့်မုန့်လုပ်နည်း၊ ဆံပင်ညှပ်၊ စက်ပြင်၊ မော်တော်ဆိုင်ကယ် ပြင်နှင့် မိုဘိုင်းဖုန်းပြင်စသော သင်တန်းများတက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းသားများကို တက် ရောက်နိုင်ရန် စီစဉ်ပေးမည်။ ထိုသင်တန်းများသည်

သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွါးရရှိ စေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်း အစီအစဉ်နှင့် ချိတ်ဆက်ပေးမည်။

ခ.၃) ကျေးရွာတွင် စာသင်ကျောင်း၏ ခြံစည်းရိုးကာရံပြီး မူကြိုကျောင်းတစ်ဆောင် ဆောက်လုပ်ခြင်းဖြင့် ကလေးငယ်များ၏ အရည်အချင်းတိုးမြင့်လာရေးအတွက် ဆောင်ရွက်မည်။ ပညာရေးဌာနနှင့် ချိတ်ဆက်ပြီး အထက်တန်းကျောင်းခွဲတွင် ဘာသာရပ်အလိုက် ကျွမ်းကျင်မှုပြည့်ဝသော ဆရာ/ဆရာမ ခန့်ထားရရှိနိုင်ရေးတို့ အတွက် ဆောင်ရွက်သွားမည်။

ခ.၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့် ကျေးရွာစျေးဆောက်လုပ်ကာ ကျေးရွာ၏ အခြေခံအဆောက်အဦများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ တချိန်တည်းတွင် ကျေးရွာအဆောက်အအုံများကို အသုံးပြုစီမံခန့်ခွဲ၊ ထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်း တိုးတက်အောင် ဆောင်ရွက်သွားကြမည်။ ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော် စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီ ဖြေရှင်းပေးရမည့် ကိစ္စများ

အစိုးရ၏ မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေး လက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထား ပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြ ပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန် အရေးပါ သည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင် ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင်ရန်ဖြစ်သည်။

(ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး

ကျေးရွာတွင် စပါးအပြင် မတ်ပဲကို သီးထပ်အဖြစ် စိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံ ဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာ နှိမ်နှင်းရေးအတွက် နည်းစနစ် ရရှိရေးလိုအပ်သည်။ ဖျက်ပိုးနှိမ်နှင်းရေးအတွက် သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုများကိုရသော်လည်း စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ ရောင်းချသည့် ပုဂ္ဂလိကအရောင်းဆိုင်များကို မှီခိုအားထားမှု ပိုများသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကြကာ တောင်သူများအတွက် သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှု ဖြစ်စေသည်။ နည်းပညာအသုံးပြုပုံများ အပါအဝင် ပိုးမွှားနှိမ်နှင်းရေး နည်းပညာအသစ် ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးဦးရွက်ပြုသင့်ပါသည်။

(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများ အတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များ ပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမားနှင့် အသေး စားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေး လုပ်ငန်းများအတွက် အထိုက်အလျောက် များပြားသည့် ချေးငွေလိုအပ်ပါသည်။ ကျေးရွာတွင် သမဝါယမအသင်း ဖွဲ့စည်းထားခြင်း မရှိသေးသဖြင့် မြို့နယ်သမဝါယမအသင်းက ချေးငွေလိုအပ်သူ ရွာသားများအတွက် ချေးငွေအစီအစဉ်ကို ဆောင်ရွက်သင့် သည်။

(ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့

ကျေးရွာတွင်း အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ် အကိုင်နှင့် အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့်အလမ်းရှိပါသည်။ သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ၊ ဈေးကွက်၊ သတင်းအချက်အလက်များ လက်လှမ်းမီမှုတွင် အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေသောလုပ်ငန်းများ (ကုန်ထုတ် ခြင်း၊ စက်မှု၊ လက်မှုလုပ်ငန်း)အတွက် လုပ်ငန်းစီမံခန့်ခွဲရေး ထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းတွင် ထည့်သွင်းရေးဆွဲရန် ခက်ခဲပါသည်။ ကျွန်တော်တို့ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များ ယခုအခါအဆင်သင့် မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရ အနေဖြင့် လည်း စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ တစ်ခုထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင်ထားရှိကာ တစ်နှစ်ပတ်လုံး ဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင် တစ်ချို့နှင့် တိုးချဲ့ပညာပေးရေး ဝန်ထမ်းအချို့ ပါဝင်မည်ဖြစ်ပြီး၊ မြို့နယ်ဒေသမှသည် ကျေးရွာအထိ လိုအပ်သော စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှု

အထောက်အကူပြု လုပ်ငန်း များကို ဆောင်ရွက်ရန်အတွက် လုံလောက်သော ရန်ပုံငွေလည်း ရှိရပါမည်။

၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကိုလုပ်ငန်း ဆောင်ရွက်မှုများအဖြစ် သဘော ထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက် ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည် ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျေးရွာလူထုက ငါးနှစ်တာ စီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစား ပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း ငါးနှစ်တာကာလတစ်လျှောက် လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ် ပေါက်ပါက အနည်းနှင့် အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက် မူဘောင်အတွင်း နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာ အချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင် ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီးအုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာ လုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ် ခြင်း (Economic classification) သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification) ဝန်ကြီးဌာန များ၊ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍ အပိုင်း အခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

(ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာ အမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များဦးစားပေး အစီအစဉ် ကိုဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အစည်း အဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ -

ကဏ္ဍ	စီမံချက်	ရမှတ်ပေါင်း	အဆင့်	စီမံကိန်းအကြောင်းအရာ ဖော်ပြချက်	မှတ်ချက်
အခြေခံအဆောက်အဦ	ကျေးရွာတွင်းလမ်းအား ကွန်ကရစ်လမ်းခင်းခြင်း	၉၀	၁	• ကျေးရွာတွင်းလမ်းအား ကွန်ကရစ်လမ်းရရှိ အောင် ကျေးလက်ဦးစီးဌာနသို့ တင်ပြဆောင် ရွက်သွားမည်။	• ကျေးလက် ဦးစီးဌာန
ကျေးရွာဖွံ့ဖြိုးရေး (လူနာတင်ယာဉ်)	ကျေးရွာတွင်း လူနာတင်ယာဉ် ရရှိအောင် ဆောင်ရွက်ပေးရေး။	၈၅	၂	• ကျေးရွာတွင်း အရေးပေါ် ကျန်းမာရေး အတွက် လူနာတင်ယာဉ်ရရှိရေးအတွက် မြို့နယ်တွင် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည်။	
ကျေးရွာဖွံ့ဖြိုးရေး (မီးသတ်ရုံး)	ကျေးရွာတွင်း မီးဘေးအန္တရာယ်ကာကွယ်နိုင်ရန် မီးသတ်ရုံတည်ဆောက်ပေးရေး။	၇၅	၃	• ကျေးရွာတွင်း၌ မီးဘေးအန္တရာယ် ကင်းရှင်းနိုင် စေရန် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ပူးပေါင်း၍ ကျေးရွာတွင် မီးသတ်ရုံးတည်ဆောက်ပေးနိုင် ရေးဆောင်ရွက်သွားမည်။	
ကျေးရွာဖွံ့ဖြိုးရေး (နာရေးကူညီမှုရုံး)	ကျေးရွာတွင် နာရေးဖြစ်ပွားပါက အကူအညီ ပေးနိုင်ရေးအတွက် နားရေးကူညီမှုရုံး တည်	၆၄	၄	• ကျေးရွာတွင်နာရေးဖြစ်ပွားပါက အကူအညီ ပေးနိုင်မည့် ရုံးတည်ဆောက်နိုင်ရန်	

	ဆောက်ပေးနိုင်ရေး။			သက်ဆိုင် ရာ မြို့နယ်အဖွဲ့အစည်းများထံ တင်ပြရန်။	
ကျေးရွာဖွံ့ဖြိုးရေး (ကလေး အားကစားကွင်း)	ကျေးရွာတွင်း၌ ကလေးအားကစားကွင်း တည်ဆောက်ပေးနိုင်ရေး။	၆၀	၅	• ကျေးရွာတွင်း၌ ကလေးသူငယ်များအတွက် အားကစားကွင်း တည်ဆောက်နိုင်ရန် NGO အဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်သွား မည်။	

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက် ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံချက် (Project)	ဦးစားပေး အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁	ကျေးရွာတွင်းလမ်းအား ကွန်ကရစ် လမ်းခင်းခြင်း	၁	✔	✔	✔		
၂	ကျေးရွာတွင်း လူနာတင်ယာဉ်ရရှိ အောင်ဆောင်ရွက်ပေးရေး။	၂	✔	✔	✔	✔	✔
၃	ကျေးရွာတွင်း မီးဘေးအန္တရာယ်ကာ ကွယ်နိုင်ရန် မီးသတ်ရုံတည်ဆောက် ပေးရေး။	၃	✔	✔	✔		
၄	ကျေးရွာတွင် နာရေးဖြစ်ပွားပါက အကူအညီ ပေးနိုင်ရေးအတွက် နားရေး ကူညီမှုရုံး တည်ဆောက်ပေးနိုင်ရေး။	၄	✔	✔	✔		
၅	ကျေးရွာတွင်း၌ ကလေးအားကစား ကွင်းတည်ဆောက်ပေးနိုင်ရေး။	၅	✔	✔	✔		

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative)အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သော ဘတ်ဂျက်ပမာဏ တွက် ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တချို့ စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျက်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများရရှိရန်လည်း လိုအပ်ပါသည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက် ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်း ကိရိယာ၊ အချိန် စသည်)

စီမံချက်ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	လူသားချင်းစာနာမှုအထောက်အပံ့
၁	ကျေးရွာတွင်းလမ်းအား ကွန်ကရစ် လမ်းခင်းခြင်း					
၂	ကျေးရွာတွင်း လူနာတင်ယာဉ်ရရှိအောင်ဆောင်ရွက်ပေးရေး။					
၃	ကျေးရွာတွင်း မီးဘေးအန္တရာယ်ကာကွယ်နိုင်ရန် မီးသတ်ရုံတည်ဆောက် ပေးရေး။					
၄	ကျေးရွာတွင် နာရေးဖြစ်ပွားပါက အကူအညီ ပေးနိုင်ရေးအတွက် နားရေး ကူညီမှုရုံး တည်ဆောက်ပေးနိုင်ရေး။					
၅	ကျေးရွာတွင်း၌ ကလေးအားကစား ကွင်းတည်ဆောက်ပေးနိုင်ရေး။					

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းကို ကျေးရွာလူထုကဦးဆောင် အကောင်အထည်ဖော်မည်ဖြစ် သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းတွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင် အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာ အသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင် ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူ ဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင် စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန် လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများရယူ ဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာ အသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမား အဖွဲ့အစည်းကလည်း လယ်ယာ ကုန်ထုတ်လုပ်ငန်း အထောက်အကူပြု လမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက် ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ် များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ

- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေး လမ်း အဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသော သတ်သတ်မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန် မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့က တာဝန်ပေးထားသော အဖွဲ့ခွဲ၏တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာ ဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့သည် တာဝန်ပေးထားသော အဖွဲ့ခွဲကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များ ထားရှိ မည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေ ကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတား ပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့်ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများသတ် မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာအဖွဲ့ခွဲအား တာဝန် အပ်နှင်း ဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ် လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေ အနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ် ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာရည်ရွယ်သည့် အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍အားလုံး ပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်း အကောင်အထည် ဖေါ်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူ ပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။

ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံး လုပ်ငန်းများ တည်ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှုနှင့် ငွေကြေးဆိုင်ရာ တိုးတက်မှုတို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီ အသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့ခွဲအသီးသီးသည် မိမိတို့၏စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက်များရရှိအောင် ဆောင်ရွက် ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏တိုးတက်မှုကိုတိုင်းတာမည့် အညွှန်းကိန်းများ ဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် အဖွဲ့နှင့် အဖွဲ့ခွဲအသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိ မှုအစီရင်ခံစာကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရမည့်ကိစ္စ များကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါ အချက်များအပေါ် ဦးတည်ပါမည်။

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု

- စီမံကိန်းလုပ်ငန်းများ လုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်းများ၊

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသော ငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲ များ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် (၃)လပတ် ကြီးကြပ်စမစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့

အစီရင်ခံစာပေးပို့ပါမည်။ အစီရင် ခံစာသည် စာမျက်နှာ ၂-၃ မျက်နှာခန့် ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက် မည့် အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များ စသည်တို့ပါ ဝင်ပါမည်။

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းအကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှု အခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ အား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေး တင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြား မည့် အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူ များထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက် များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်း အလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်း ဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီများကို မြို့နယ်အဖွဲ့ အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(၁.၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	စုစုပေါင်း၏ %
၁ နှစ်အောက်	နို့စို့အရွယ်	၄	၅	၉	၀.၉%
၁ နှစ်မှ ၅နှစ်အောက်	၅နှစ်အောက်ကလေးငယ်	၂၃	၂၄	၄၇	၅%
၅ နှစ်မှ ၉နှစ်အထိ	မူလတန်းကျောင်းသားအရွယ်	၃၉	၄၀	၇၉	၈.၂%
၉ နှစ်အထက်မှ ၁၅ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၅၀	၅၅	၁၀၅	၁၀.၉%
၁၅ နှစ်အထက်မှ ၆၀နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၂၉၆	၃၀၀	၅၉၆	၆၂.၃%
၆၀ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၅၄	၆၇	၁၂၁	၁၂.၆%
စုစုပေါင်း လူဦးရေ - ၉၅၇		**၄၆၆**	**၄၉၁**	**၉၅၇**	**၉၉.၉%**
စုစုပေါင်း အိမ်ထောင်စု - ၂၅၈		**တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၃.၇၁%**			

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက် ။ ။ ဖလုံဘူတာကျေးရွာတွင် အိမ်ထောင်စုစာရင်းကောက်ယူမှုအရ ၁ နှစ်အောက် နို့စို့ကလေးအရွယ် ကျား(၄)၊ မ(၅) ပေါင်း(၉)ယောက်ရှိပြီး (၀.၉%)ရှိပါသည်။ ၁ နှစ်မှ ၅ နှစ်အောက် ကလေး ငယ်ကျား(၂၃)၊ မ(၂၄) ပေါင်း(၄၇)ယောက်ရှိပြီး (၅%)ရှိပါသည်။ ၅ နှစ်မှ ၉ နှစ်အထိ မူလတန်းကျောင်း သားအရွယ် ကျား(၃၉)၊ မ(၄၀) ပေါင်း(၇၉)ယောက်ရှိပြီး (၈.၂%)ရှိပါသည်။ ၉ နှစ်အထက်မှ ၁၅ နှစ်အထိ အလယ်တန်းကျောင်းနေအရွယ် ကျား(၅၀)၊ မ(၅၅) ပေါင်း (၁၀၅)ယောက်ရှိပြီး (၁၀.၉%)ရှိပါသည်။ ၁၅ နှစ် အထက်မှ ၆၀ နှစ်အထိ အလုပ်လုပ်နိုင်သည့် အရွယ်ကျား(၂၉၆)၊ မ(၃၀၀) ပေါင်း(၅၉၆)ယောက်ရှိပြီး (၆၂.၃%) ရှိပါသည်။ ၆၀ နှစ်နှင့် အထက်သက်ကြီးရွယ်အို ကျား(၅၄)၊ မ(၆၇) ပေါင်း(၁၂၁)ယောက်ရှိပြီး (၁၂.၆%)ရှိပါသည်။ ကျေးရွာ၏စုစုပေါင်းလူဦးရေမှာ ကျား(၄၆၆)ဦး၊ မ(၄၉၁)ဦး၊ ပေါင်း(၉၅၇)ဦးရှိပါသည်။ အိမ်ထောင်စု (၂၅၈)စုရှိပြီး ကျေးရွာတစ်အိမ်ထောင်၏ ပျမ်းမျှလူဦးရေ (၃.၇၁%)ရှိကာ မြန်မာနိုင်ငံ၏ သတ်မှတ်တစ်အိမ် ထောင်(၅)ဦးထက် လျော့နည်းသည်။ စုစုပေါင်း လူဦးရေထဲမှ အလုပ်လုပ်နိုင်သော လူဦးရေ(၆၂.၃%)ရှိ၍ အတော်အသင့် ကောင်းမွန်သော လူစွမ်းအား အရင်းအမြစ်ကောင်းတစ်ရပ် ပိုင်ဆိုင်ထားကြောင်း လေ့လာတွေ့ ရှိရပါသည်။

(၁.၂) အလုပ်လုပ်နိုင်သူ အင်အား

(၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက်လုပ်ကိုင်သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
၁	**စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)**					
	ကိုယ်ပိုင် လုပ်ငန်း	၇၀	၂၇%	၇၈		
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၂	**တိရစ္ဆာန် မွေးမြူရေး**					
	ကိုယ်ပိုင် လုပ်ငန်း	၁၀	၄%	၁၅	၇	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၃		၅		
၃	**ငါးဖမ်း လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၄	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၅	**ထုတ်ကုန်လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	၃	၁.၅%	၅	၁၈	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၆	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၇	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	၃	၁.၅%	၃		
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၅	၃%	၁၀		
၈	**ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး**					

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင် သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစု ဝင်လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၅	၂%			
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၉	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**					
	ကိုယ်ပိုင် လုပ်ငန်း	၁၀	၄%	၁၆	၁၁	အင်ယာ၊ စက်ချုပ်
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၀	**လက်လီ-လက်ကား ရောင်းဝယ်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း	၄၅	၁၇%	၅၂	၂၅	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၁	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	၁	၀.၄%	၁		
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၂	**ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း	၃၈	၁၄.၅%	၄၀	၂၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၁၃	၅.၅%	၁၆		
၁၃	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား				၁	
၁၄	**အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၅	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊	၃	၁.၅%		၆	

စဉ်	လုပ်ငန်းများ	အိမ်ထောင်စု	အဓိက အလုပ်အကိုင်		တွဲဖက်လုပ်ကိုင်သူဦးရေ	မှတ်ချက်
			%	မိသားစုဝင်လုပ်အား		
	ရာသီအလိုက် အလုပ်သမား					
၁၆	**ပညာရေး**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၁၅	၆%	၁၇	၁၅	
၁၇	**ကျန်းမာရေး**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၁	၀.၄%			
၁၈	**လူမှုရေး လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၉	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၂၈	၁၀.၃%	၃၂		
၂၀	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** (ဥပမာ - UN, INGOs, Companies, etc.,)					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၅	၂%			
	စုစုပေါင်း	**၂၅၈**	**၉၉.၆%**	**၂၈၉**	**၁၀၃**	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ပြီး အခြားပို့ဆောင်ရေးနှင့် လက်လီ/လက်ကား ရောင်းဝယ်ခြင်းကိုလည်း အများစု လုပ်ကိုင်ကြသည်။ ကျွမ်းကျင်ပညာရှင်များ နည်းပါး နေခြင်းကိုလည်း တွေ့မြင်ရသည်။ သို့ရာတွင် အများစု၏ ဝင်ငွေမှာ သာမန်အားဖြင့် လျော့နည်းနေကြောင်း လေ့လာတွေ့ရှိရပါသည်။

(၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)		မှတ်ချက်
			ကျား	မ	ကျား	မ	
၁	လယ်ယာလုပ်ငန်း	နေ့စား	၃၅၀၀	၃၀၀၀	၁၅၀၀	၁၀၀၀	
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား					
၃	ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း	နေ့စား					
၄	သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေးနှင့် သဘာဝ ရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား					
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၅၀၀၀	၄၀၀၀	၄၀၀၀	၃၀၀၀	
၆	ဆောက်လုပ်ရေး၊လက်သမားပန်းရံလုပ်ငန်း	နေ့စား	၄၀၀၀	၃၀၀၀	၂၀၀၀	၁၀၀၀	
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး	နေ့စား					
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၄၀၀၀	၃၀၀၀	၂၀၀၀	၁၀၀၀	
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေး သူစသည်)	နေ့စား	၄၀၀၀	၃၀၀၀	၂၀၀၀	၁၅၀၀	စက်ချုပ်
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား					

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက်

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် အမျိုးသားတစ်ဦး၏ တစ်နေ့ပျမ်းမျှ လုပ်အားခနှုန်းမှာ(၄၀၀၀) ကျပ်ရှိ၍ အမျိုးသမီးတစ်ဦးအတွက် (၃၀၀၀)ကျပ်နှုန်း ရှိပါသည်။ သို့ရာတွင် မိုးရာသီတွင် လယ်ယာလုပ်ငန်း ခွင်မှလွဲ၍ အခြားအလုပ်အကိုင် အခွင့်အလမ်းနည်းပါးကြောင်း လေ့လာတွေ့ရှိရပါသည်။

(၁.၃) သဘာဝရင်းမြစ်များ

(၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက)
လယ်မြေ	၃၄၈	သင့်	ရ	တဘူးလှဆည်၊ ၅၀ ဧက
ယာမြေ /တောင်ယာ				
ဥယျာဉ်ခြံမြေ				
အိမ်ခြံဝင်း စိုက်ခင်း				
နှစ်ရှည်သီးနှံစိုက်ခင်း				
ရွှေပြောင်းတောင်ယာမြေ				
ကိုင်း/ကျွန်းမြေ				
စားကျက်မြေ				
ပလပ်မြေ	၀.၈၅			
အခြား				
စုစုပေါင်း	**၃၄၈.၈ ၅ ဧက**	**သင့်**	**ရ**	**၅၀ ဧက**

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

မှတ်ချက် ။ ။ ရေရှိသည့် နေရာအမျိုးအစား-ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် လယ်မြေစိုက်ပျိုးနိုင်သော မြေဧကမှာ (၃၄၈)ဧက ရှိပြီး၊ တဘူးလှဆည်ရေမှ နွေစပါးစိုက်ပျိုးရန် (၅၀)ဧက ရေရရှိပါသည်။ ပလပ်မြေ(၀.၈၅)ဧကခန့် ရှိပါသည်။ မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၁.၃.၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ)
ကာဗွန် (ဓာတ်ငွေ့/ရေနံ)	မရှိ	လက်လှမ်းမမီ
အခြား ရင်းမြစ်များ	သင့်	ခက်
အခြားသဘာဝရင်းမြစ်		
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	နည်း	ခက်
သဘာဝအပင်မျိုးစိတ်များ	သင့်	လွယ်

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ)
(နွားစာ၊ ဆေးဘက်ဝင်အပင်များ)		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် သဘာဝအရင်းအမြစ် ကာဗွန်ဓါတ်ငွေ့ ရေနံမရရှိပါ။ ကျေးရွာ သည်မြောက်ဘက်(၃)မိုင်အကွာတွင် မာဂရီသစ်တောကြိုးဝိုင်းနှင့် တောင်ဘက်(၄)မိုင်ခန့် အကွာတွင် သပြုသစ် တောကြိုးဝိုင်းတို့ရှိကြသည်။ သဘာဝအပင်မျိုးစိတ်များ ပေါများပါသည်။ သဘာဝအပင်မျိုးစိတ်များဖြစ်သော နွားစာကို လယ်ကန်သင်းရိုးမှ အသင့်အတင့် ရရှိပါသည်။ သဘာဝတိရစ္ဆာန်မျိုးစိတ်များရရှိမှု ခက်ခဲကြောင်း လေ့လာတွေ့ရှိရပါသည်။

(၁.၄) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၂၀ ဧက	၁၀ ဧက	၃ ဧက	-
အိမ်အခြေအနေ	တိုက်အိမ်	တိုက်ခံ၊ သွပ်မိုး၊ ပျဉ်ထောင်	သွပ်မိုး၊ ထရံကာ	ခနိမိုး၊ ထရံကာ
လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု	ခြွေလှေ့စက်၊ ရေစုပ်စက်	ရေစုပ်စက်၊ နွား၊ လှည်း	နွားလှည်း	-
ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သောပိုင်ဆိုင်မှု	TV၊ ဖုန်း၊ ပန်ကာ၊ ရေခဲသေတ္တာ	TV၊ ဖုန်း၊ ပန်ကာ၊ ရေခဲသေတ္တာ၊ စလောင်း	TV၊ ဖုန်း၊ စလောင်း	-
အဓိကစီးပွားရေး လုပ်ငန်း	စက်ရုံ၊ အလုပ်ရုံ	အရောင်းအဝယ်၊ လယ်၊ ဝန်ထမ်း	လယ်၊ ဈေးရောင်း၊ ကယ်ရီ	ကျပန်း
အခြားပိုင်ဆိုင်မှု	ကား၊ ခြံမြေ	ဆိုင်ကယ်	စက်ဘီး	-
အိမ်ထောင်စု - ၂၅၈	**၁၃(၅%)**	**၁၂၅ (၄၈%)**	**၁၁၂ (၄၄%)**	**၈ (၃%)**

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စု(၁၃)စု (၅%)၊ အလယ်အလတ် အိမ်ထောင်စု(၁၂၅)စု (၄၈%)သည် တကယ်တမ်း မရှိသင့်ချေ။ ဆင်းရဲအိမ်ထောင်စု(၁၁၂)စု (၄၄%)နှင့် အလွန် ဆင်းရဲအိမ်ထောင်စု(၈)စု (၃%) ရှိပါသည်။

အများစုမှာ ဆင်းရဲအဆင့်ကို မခံလိုကြောင်း လေ့လာတွေ့ရှိရ ပါသည်။

(၁.၅) ထိခိုက်လွယ်မှု

(၁.၅.၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖြေရှင်းသည့်နည်းဗျူဟာ
၃ လအောက်	၁၈	၆၀%	အကြွေးဝယ်ယူခြင်း
၃ လနှင့် ၆ လအောက်	၁၁	၃၇%	အကြွေးဝယ်ယူခြင်း၊ လပေးနှင့် စားခြင်း
၆ လ မှ ၁၂ လ အထိ	၃	၃%	အကြွေးဝယ်ယူခြင်း၊ လပေးနှင့် စားခြင်း

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများ၏ (၃၀%)ဖြစ်သော ာ အိမ်ထောင်စု(၃၀)စုကို လေ့လာဆန်းစစ်မှုအရ ၎င်းတို့၏ (၃%)သာ ၆ လမှ ၁၂ လခန့် သူတစ်ပါးထံမှ မချေးငှားဘဲ နပ်မှန်စားသုံးနိုင်ပြီး (၆၀%)မှာ ၃ လခန့်နှင့် ၃၇% မှာ ၃ လမှ ၅ လခန့် စားသုံးနိုင်ကြသည်။ အကြွေးတင်ရှိမှုတွင် အိမ်ထောင်စုအားလုံးသည် အကြွေးငွေ တစ်သောင်းကျပ်မှ ဆယ်သိန်းကျပ်အထိ တင်ရှိနေကြကြောင်း လေ့လာတွေ့ရှိရပါသည်။

(၁.၅.၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက်	-	၃	၃
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့်ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၈		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	၄		
အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	၂		

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို(၆၀)နှစ်အထက် အိမ်ထောင်စု(၃)စုရှိပြီး ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုမှာ(၈)စု ရှိပါသည်။ ဆင်းရဲ၍ မိသားစုဦးရေများသည့် မုဆိုးဖို၊ တစ်ခုလပ် အိမ်ထောင်စု(၄)စု ရှိပါသည်။ အိမ်ထောင်ဦးစီး ကကျေးရွာပြင်ပသို့ သွားရောက်လုပ်ကိုင်နေရသော အိမ်ထောင်စု(၂)စုရှိပါသည်။ ဝင်ငွေနည်းပါးခြင်း၊ ကုန်ဈေး နှုန်းကြီးမားခြင်း၊ ကလေးငယ်များခြင်းကြောင့် စားဝတ်နေရေး အခက်အခဲရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	စားနပ်ရိက္ခာမဖူလုံမှု	နိမ့်	လုံလောက်ပါသည်။
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	နိမ့်	တဘူးလှဆည်မှ ရေရရှိခြင်း။
၃	ရေကြီးခြင်း	လတ်	တစ်ခါတစ်ရံကြုံတွေ့ရခြင်း
၄	မိုးခေါင်ခြင်း	နိမ့်	နှစ်စဉ်မခံစားရပါ။
၅	အအေးလွန်ကဲခြင်း	နိမ့်	နှစ်စဉ်မခံစားရပါ။
၆	မုန်တိုင်း	နိမ့်	နှစ်စဉ်မခံစားရပါ။
၇	ငလျင်	နိမ့်	နှစ်စဉ်မခံစားရပါ။
၈	မီးဘေး	နိမ့်	မီးဘေးကာကွယ်ရေး သတိပေး၍ မရှိပါ။
၉	ဆားငန်ရေဝင်မြေ	နိမ့်	မရှိပါ။
၁၀	မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု	နိမ့်	ဓါတ်မြေဩ၊ ဓါတုပိုးသတ်ဆေးသုံးစွဲခြင်း
၁၁	သစ်တောပြုန်းတီးခြင်း	မြင့်	လမ်းမီးတိုင်များ၊ ဓါတ်ကြိုးများအတွက် သစ်ပင်များခုတ်ခြင်း၊ ထင်းအဖြစ်သုံးစွဲခြင်း
၁၂	ငှက်ဖျားရောဂါ	နိမ့်	ကျန်းမာရေးဗဟုသုတရှိ၍ ကာကွယ်ကြပါသည်။
၁၃	တီဘီရောဂါ	နိမ့်	ကျန်းမာရေးဗဟုသုတရှိ၍ ကာကွယ်ကြပါသည်။
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	နိမ့်	ကျန်းမာရေးဗဟုသုတရှိ၍ ကာကွယ်ကြပါသည်။
၁၅	ပြည်တွင်း ပဋိပက္ခ	နိမ့်	မရှိပါ။

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	လတ်	နွားများတွင် ခွါနာလျှာနာရောဂါ၊ ကြက်၊ ဘဲများတွင် ကြက်နာ၊ ကပ်ပြားရောဂါဖြစ်ခြင်း
၁၇	လူကုန်ကူးခြင်း	နိမ့်	မရှိပါ။
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည်	လတ်	တိုက်ကြီးမြို့နှင့် (၁၂)မိုင် ဝေးကွာခြင်း၊ လမ်း ပန်းဆက်သွယ်ရေး အသင့်တင့်ကောင်းမွန်ခြင်း
၁၉	အခြား	နိမ့်	မရှိပါ။

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာသည် ကုန်းတွင်းပိုင်းတွင်တည်ရှိပြီး စားနပ်ရိက္ခာ ဖူလုံမှုရှိပါသည်။ သဘာဝဘေးအန္တရာယ်ကျရောက်ခြင်းလည်း အလွန်နည်းပါးသည်။ အခြားကူးစက်ရောဂါဖြစ်ပွားမှုလည်း အနည်းအကျဉ်းသာ ရှိပါသည်။ သစ်တောပြုန်းတီးမှုမှာ ဆိုးဆိုးရွားရွား ထိခိုက်ပျက်စီးမှု ရှိပါသည်။ ကျေးရွာမီး လင်းရေးအတွက် လမ်းမီးတိုင်များ စိုက်ထူရာနှင့် ခါတ်ကြိုးများသွယ်တန်းရန်အတွက် ကျေးရွာအတွင်းနှင့် ပတ် ဝန်းကျင်ရှိ နှစ်သက်တမ်း(၁၀၀)ကျော် အပင်များ ခုတ်ထွင်ရှင်းလင်းခဲ့ရပြီး သစ်တောကြိုးဝိုင်းများအတွင်း လယ်ယာမြေချဲ့ထွင်ခြင်း၊ လောင်စာထင်းအဖြစ် အသုံးပြုခြင်းများကို လေ့လာတွေ့ရှိရပါသည်။

(၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	နိမ့်	ကွမ်းယာဆိုင်၊ အရက်၊ ဘီယာဆိုင်များကြောင့် လူငယ်များပျက်စီး
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	နိမ့်	ပုံမှန်ဝင်ငွေမရှိခြင်း၊ ကုန်ဈေးနှုန်းမြင့်တက်ခြင်း
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	လတ်	ရေကြီးပါက အလုပ်လက်မဲ့ဖြစ်ခြင်း
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသော ဒေသတွင်နေထိုင်သူ	နိမ့်	ရာသီကူးပြောင်းတွင် ဖျားနာများ အနည်းငယ် ဖြစ်တတ်ခြင်း
၅	မြစ်ကမ်းဘေး နေထိုင်သူများ	နိမ့်	မရှိပါ။
၆	မတော်တဆမှု	နိမ့်	မရှိပါ။

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
	ဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ		
၇	ပြည်တွင်းနေရပ် စွန့်ခွာရွှေ့ပြောင်း ခံရသူများ (IDP)	နိမ့်	မရှိပါ။
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	နိမ့်	မရှိပါ။
၉	ငါးကန်ပိုင်ရှင်	နိမ့်	မရှိပါ။
၁၀	လက်လုပ်လက်စားများ၊ ကျပန်း	လတ်	မြေယာပိုင်ဆိုင်မှုနည်းခြင်း။
၁၁	လူနည်းစုလူမျိုးများ	နိမ့်	မရှိပါ။
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင် နေထိုင်သူများ	နိမ့်	မရှိပါ။
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	နိမ့်	မရှိပါ။
၁၄	ရွှေတွင်းလုပ်သား	နိမ့်	မရှိပါ။
၁၅	ဆေးစွဲသူများ	နိမ့်	မရှိပါ။
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူမ ျား	နိမ့်	မရှိပါ။
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်း သူများ	နိမ့်	မရှိပါ။
၁၈	နေရပ်ပြန် အခြေချသူများ	နိမ့်	မရှိပါ။
၁၉	ရွှေပြောင်းလုပ်သားများ	နိမ့်	မရှိပါ။
၂၀	ကားသမား	နိမ့်	မရှိပါ။
၂၁	အခြား	နိမ့်	မရှိပါ။

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာ၏ တည်နေရာနှင့် မြေအနေအထားကြောင့် သဘာဝဘေးအန္တရာယ် ကျရောက်နိုင်မှု အလွန်နည်းပါးသည်။ သို့သော် ကျေးရွာ၏ အရှေ့ဘက်(၅)မိုင်ခန့်အကွာ ကျေးရွာခွဲများတွင် တောဆင်ရိုင်းအန္တရာယ် စိုးရိမ်နေရမှုရှိနေပါသည်။ (ဥပမာ- သာယာအေးကျေးရွာ၊ ကွမ်းသီးမြောင်ကျေးရွာ) တို့တွင် ဆင်အန္တရာယ် စိုးရိမ်ရကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုး အစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန်	ဦးဆောင် ဖွဲ့စည်း သူများ (၄/၅)	စွမ်း ဆောင် နိုင်မှု (၆/၇/၈)
			ကျား	မ	ပေါင်း			
၁	မွန်မြတ်သန့်စင်	၂	၅၀	၃၃	၈၃	လူမှုကူညီရေး	၄	၆
၂	မီးလင်းရေးအဖွဲ့	၁	၂၄	-	၂၄	ကျေးရွာမီးလင်းေ ေး	၄	၆
၃	အမျိုးသမီးရေးရ ာ	၂	-	၉၆	၉၆	အမျိုးသမီးရေးရ ာ	၄	၈
၄	ရွာလယ်အသင်း	၂	၁၅၀	၁၃၆	၂၈၆	သာရေး/နာရေး	၄	၇
၅	ဝတ်အသင်း	၃	၆၀	၇၅	၁၃၅	သာသနာရေး	၄	၆

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေး အခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆) ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့ (အားနည်း) - ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် လူမှုရေးအဖွဲ့အစည်း (၂)ဖွဲ့ ရှိသည်။ မွန်မြတ်သန့်စင် အသင်းသည် လူနာတင်ယာဉ်တစ်စီး၊ နာရေးယာဉ်တစ်စီးနှင့် ကျေးရွာနှင့် ကျေးရွာခွဲများအပြင်

အခြားကျေးရွာအုပ်စုများ အထိ ဝန်ဆောင်မှုပေးနိုင်သော အဖွဲ့အစည်းဖြစ်ပါသည်။ ရွာလယ်အသင်းမှာမူ သာရေး/နာရေးတို့အတွက် အသင်းဝင်ထားသူ အိမ်ထောင်စုများကိုသာ ကူညီထောက်ပံ့ပေးနေခြင်း ဖြစ်ပါသည်။ ကျေးရွာမီးလင်းရေးအဖွဲ့ ၏ စွမ်းဆောင်နိုင်မှုသည် အလွန်ကောင်းပါသည်။ ကျေးရွာအား ကိုယ်ထူကိုယ်ထ မီးလင်းစေရေး ဆောင်ရွက်နိုင် ခဲ့ပြီး ကျေးရွာခွဲအချို့ပင် မီးလင်းစေခဲ့ပြီ ဖြစ်ပါသည်။ အမျိုးသမီးရေးရာအသင်းမှာ လှုပ်ရှားဆောင်ရွက်မှု အလွန်အားနည်းကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်
၁			
၂			
၃			
၄			
၅			
၆			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ လာရောက်ခြင်းမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂.၂) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(၂.၂.၁) သီးနှံထုတ်လုပ်ရေး

(၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၁၈၈	၇၂.၉%	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၁၀	၃.၉%	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧကထိ	၄၀	၁၅.၅%	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၁၉	၇.၄%	အလယ်အလတ်စား တောင်သူ
၅	၁၂.၅ ဧက အထက်	၁	၀.၃%	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		**၂၅၈**	**၁၀၀%**	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုပေါင်း (၁၈၈)စု (၇၂.၉%)ထိရှိကာ ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများ ဖြစ်ကြသည်။ သို့သော် မြေယာပိုင်ဆိုင်မှု မရှိသော်လည်း အတော်အသင့် ပြေလည်သောအိမ်ထောင်စုများမှာ လက်လီ/လက်ကားရောင်းဝယ်ခြင်း၊ မွေးမြူရေးနှင့် ပို့ဆောင်ရေးလုပ်ငန်း၊ ဝန်ထမ်းအချို့ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂.၂.၁.၂) အစိုးရနှင့် ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	ရင်းမြစ်	အစိုးရ/ ပုဂ္ဂလိက	ရေသောက်ဧက	ရရှိနိုင်မှု	
				တစ်နှစ်ပတ်လုံး/ ရာသီအလိုက်	လုံလောက်မှု(ရှိ/မရှိ)
၁	ဆည်	အစိုးရ	၅၀	ရာသီအလိုက်	ရှိ
၂	ရေလွှဲဆည်	-	-	-	-
၃	မြစ်ရေတင်စီမံကိန်း	-	-	-	-
၄	အဝီစိတွင်း	-	-	-	-
၅	လက်ငင် ရေတွင်း	-	-	-	-
၆	စိမ့်စမ်းရေ	-	-	-	-
၇	ချောင်းရေ	-	-	-	-
၈	အခြား	-	-	-	-

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် လယ်သမား အများစုသည် တဘူးလှဆည်မှ တဆင့် နွေစပါး ဧက(၅၀)ခန့်သာ စိုက်ပျိုးကြပြီး၊ မတ်ပဲလည်း အတော်အသင့် စိုက်ပျိုးကြကြောင်း

လေ့လာတွေ့ရှိရပါသည်။

(၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ကေ	သီးနှံထွက်မှု				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (နိမ့်/လတ်/မြင့်)	အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
မိုးစပါး	၃၄၈	တင်း	၄၀	၈၀	၅၅.၅	ဇွန်	နိုဝင်ဘာ	နိမ့်	လတ်	
နွေစပါး	၅၀	တင်း	၅၀	၈၀	၆၀	ဧနှစ်ဝါရီ	မေ	နိမ့်	လတ်	
မတ်ပဲ	၈၀	တင်း	၃	၅	၃.၅	နိုဝင်ဘာ	မတ်	နိမ့်	လတ်	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် အဓိကသီးနှံမှာ စပါး၊ မတ်ပဲနှင့် မြေပဲတို့ဖြစ်ပါသည်။ မိုးစပါးစိုက် ဧကမှာ(၃၄၈)ဧကရှိပြီး စိုက်ပျိုးသည့်ကာလမှာ ဇွန်လမှ နိုဝင်ဘာဘာလ အထိဖြစ်သည်။ စပါးအထွက်နှုန်းမှာ အများဆုံး(၈၀)တင်းထွက်ရှိပြီး အနည်းဆုံး(၄၀)တင်းနှင့် ပျမ်းမျှ(၅၅.၅)တင်း ထွက်ရှိပါသည်။ နွေစပါးစိုက် ဧကမှာ(၅၀)ဧကရှိပြီး စိုက်ပျိုးသည့်ကာလမှာ ဧန်နဝါရီလမှ မေလအထိ ဖြစ်သည်။ နွေစပါး အထွက်နှုန်းမှာ အများဆုံး(၈၀)တင်းထွက်ရှိပြီး အနည်းဆုံး(၅၀)တင်းနှင့် ပျမ်းမျှ(၆၀)တင်း ထွက်ရှိပါသည်။ မတ်ပဲစိုက် ဧက(၈၀)ဧကရှိပြီး စိုက်ပျိုးသည့်ကာလမှာ နိုဝင်ဘာလမှ မတ်လအထိ ဖြစ်သည်။ မတ်ပဲအထွက်နှုန်းမှာ အများဆုံး(၅)တင်း၊ အနည်းဆုံး(၃)တင်းနှင့် ပျမ်းမျှ(၃.၅)တင်း ထွက်ရှိပါသည်။ စိုက်ပျိုးသည့်ကာလမှာ နိုဝင်ဘာလမှ မတ်လအထိ ဖြစ်ပါသည်။ စိုက်ပျိုးရေးအတွက် သွင်းအားစုလိုအပ်ချက် မြင့်မားပြီး အမြတ်ရရှိမှု နည်းပါးသည်။ ဆန်စပါးဈေးကောင်း၍ ဈေးကွက်ရှာဖွေပေးနိုင်ပါက ကျေးရွာဖွံ့ဖြိုးတိုးတက်လာနိုင်ကြောင်း လေ့လာတွေ့ရှိရ ပါသည်။

(၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	ပိုင်ဆိုင်မှု					စက်ကိရိယာငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်	မှတ်ချက်/အခြေအနေ
	တစ်ဦးချင်းပိုင်	အဖွဲ့ပိုင်		ရွာပိုင်			
		အရေအတွက်	လယ်သမားဦးရေ	အရေအတွက်	လယ်သမားဦးရေ		

စက်အမျိုးအစား	ပိုင်ဆိုင်မှု					စက်ကိရိယာ ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်	မှတ်ချက်/ အခြေအနေ
	တစ်ဦးချင်းပိုင်	အဖွဲ့ပိုင်		ရွာပိုင်			
		အရေအတွက်	လယ်သမားဦးရေ	အရေအတွက်	လယ်သမားဦးရေ		
ထွန်စက်	-	-	-	-	-	-	-
လက်တွန်းထွန်စက်	၂၅	-	-	-	-	၆၀	-
အစေ့ချ ကိရိယာ	-	-	-	-	-	-	-
ရိတ်သိမ်းခြွေလှေ့စက်	၂	-	-	-	-	၁၀၀	-
ရိတ်သိမ်းစက်	-	-	-	-	-	-	-
ခြွေလှေ့စက်	-	-	-	-	-	-	-
ရေစုပ်စက်	၁၃	-	-	-	-	-	-
ခြေနင်းရေတင်စက်	-	-	-	-	-	-	-
မြက်ရိတ်စက်	၁၀	-	-	-	-	-	-
အခြား	-	-	-	-	-	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် စိုက်ပျိုးရေးသုံး စက်ကရိယာပိုင်ဆိုင်မှုတွင် ရိတ်ခြွေစက်(၂)စီး ရှိပြီး ငှားရမ်းလုပ်ကိုင်သူ(၁၀၀)ဦးခန့် ရှိပါသည်။ လက်တွန်းထွန်စက်(၂၅)စီးရှိပြီး ငှားရမ်းလုပ်ကိုင်သူ(၆၀)ဦး ခန့်ရှိပါသည်။ ကျေးရွာတွင် စက်ကရိယာပိုင်ဆိုင်မှု နည်းပါးပြီး လုပ်ငန်းကြန့်ကြာမှုများ ရှိပါသည်။ စက်ပစ္စည်းများပံ့ပိုးပေးနိုင်ပါက စိုက်ပျိုးရေးလုပ်ငန်း တိုးတက်လာနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

အခြေအနေ	ဖော်ပြချက်/ရှင်းလင်းချက်
မြေ (စိုက်ပျိုးမြေ ရရှိနိုင်မှု၊ မြေဆီဩဇာ)	စိုက်ပျိုးမြေကောင်းမွန်သော်လည်း တိုးချဲ့၍ မရနိုင်ပါ။
ရေရင်းမြစ်	တဘူးလှဆည်မှ ရေရရှိပါသည်။
သဘာဝမြေဆွေး၊ အော်ဂဲနစ် မြေဩဇာ	သစ်ရွက်အမှိုက်များ၊ ပဲမှော်များ၊ မွေးမြူရေးခြံများမှ တိရစ္ဆာန်ချေးများ အလွယ်တကူ ဝယ်ယူရရှိပါသည်။
အော်ဂဲနစ်/ဓာတု ပိုးသတ်ဆေး	မြေဆီပိုးသတ်ဆေးများကို မြို့ဈေးမှ လက်လှမ်းမီ ဝယ်ယူနိုင်ပါသည်။
ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုများ	မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေရရှိပါသည်။

အခြေအနေ	ဖော်ပြချက်/ရှင်းလင်းချက်
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	တီဗွီ၊ စာစောင်၊ အင်တာနက်များမှ စိုက်ပျိုးရေး ဗဟုသုတရရှိပါသည်။
သွင်းအားစု ဈေးကွက်	မျိုးကောင်းမျိုးသန့်နှင့် ဓါတ်မြေဩဇာကို အလွယ်တကူ ရရှိနိုင်ပါသည်။
ထုတ်လုပ်မှု ဈေးကွက်နှင့် ကုန်သွယ်မှု	လယ်ယာထွက်ကုန်များကို ကျေးရွာအရောက် ကုန်သည်များ လာရောက်ဝယ်ယူပါ သည်။
အခြား	မရှိပါ။

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် မြေလွတ်မြေရိုင်းများ ပေါများပြီး စိုက်ပျိုးမြေ ချဲ့ထွင်နိုင်သည်။ မာဂရီချောင်းနှင့် ဒုံးခိုက်ချောင်းများမှ ရေရရှိနိုင်သလို တဘူးလှဆည်ရေသောက် စနစ်ကြောင့်လည်း ရေအရင်း အမြစ်လုံလောက်မှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာ	ဖော်ပြချက်/ရှင်းလင်းချက်
စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု	သစ်တောကြိုးဝိုင်းနှင့် အစိုးရပိုင် မြေများခြင်း
မြေဆီဩဇာ အခြေအနေ	ဓါတုဆေးဝါးများသုံးစွဲမှုကြောင့် မြေဆီဩဇာ ပျက်စီးပါသည်။
ငွေကြေးအရင်းအနှီး ရရှိနိုင်မှု	စိုက်ဘဏ်မှ တစ်ဦးလျှင် (၁၀)ဧကာ ပိုမချေးပါ။
စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီရရှိ အသုံးချနိုင်မှု	တိုက်ကြီးမြို့မှ (၁၂)မိုင် ဝေးကွာနေခြင်း
လုပ်သားရှားပါးမှု (ကျွမ်းကျင်သူ/ မကျွမ်းကျင်သူ)	နွေအခါ လယ်ယာအစား အခြားလုပ်ငန်းခွင်များသို့သာ သွားရောက်လုပ်ကိုင်ခြင်း
ရေရင်းမြစ်များ ရရှိနိုင်မှု	နွေရာသီ ရေခန်းခြောက်ခြင်း (ချောင်းရေ)
စိုက်ပျိုးရေ မလုံလောက်မှု	နွေရာသီချောင်းရေ ခန်းခြောက်၍ ဆည်ရေတစ်ခုသာရှိ
ဖျက်ပိုးနှင့် ရောဂါ	သီးနှံများတွင် ဖျက်ပိုးများကြောင့် အထွက်နှုန်း ကျဆင်းပါသည်။
ဈေးကွက် လက်လှမ်းမီမှု	လက်လှမ်းမီသော်လည်း ဈေးနှိမ်ဝယ်ယူခြင်း။
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	နည်းပညာအကူအညီ မရရှိခြင်း၊ လက်လှမ်းမမီခြင်း
အခြား	မရှိပါ။

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများမှာ စိုက်ပျိုးမြေ တိုးချဲ့နိုင်မှုမှာ မြေယာလွတ်ရှားပါး၍ မချဲ့နိုင်ပါ။ မြေဩဇာအခြေအနေမှာ အသင့်အတင့် ကောင်းမွန်ပြီး ငွေကြေး အရင်းအနှီးကို ပုံစံ(၇)ပြနိုင်မှသာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ရေရရှိ၍ သွင်းအားစုများကို မြို့ပေါ်သို့ သွားရောက် ဝယ်ယူနိုင်ပါသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာအကူအညီနှင့် နည်းလမ်းများ မရရှိပါ။ ဈေးကွက်အလှမ်းဝေး၍ ကုန်သည်များ ဈေးနှိမ်ခြင်းနှင့် ကြုံတွေ့နေရကြောင်း လေ့လာတွေ့ရှိရ ပါသည်။

(၂.၂.၂) မွေးမြူရေးလုပ်ငန်း

(၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	အိမ်ထောင်စု	ကောင်ရေ	မှတ်ချက်/အခြေအနေ
မွေးမြူရေး			
ခိုင်းနွား	၅၃	၁၀၇	လယ်ယာလုပ်ငန်းခွင်သုံးရန်
နို့စားနွား	၅	၉	တစ်နိုင်တစ်ပိုင် မွေးမြူထား
မြင်း	-	-	-
ကျွဲ	၂	၆	တစ်နိုင်တစ်ပိုင် မွေးမြူထား
မြည်း	-	-	-
လား	-	-	-
ဆိတ်	၁	၃၀	တစ်နိုင်တစ်ပိုင် မွေးမြူထား
သိုး	-	-	-
ဝက်	၆	၂၁	တစ်နိုင်တစ်ပိုင် မွေးမြူထား
ကြက်			
ဘဲ			
နွားနောက်	-	-	-
အခြား	-	-	-
ငါးလုပ်ငန်း			
ငါးကန်	-	-	-
ပုဇွန်ကန်	-	-	-
ဂဏန်းမွေးမြူရေးလုပ်ငန်း	-	-	-
ရေချို ငါးဖမ်းလုပ်ငန်း	-	-	-
ကမ်းလွန် ငါးဖမ်းလုပ်ငန်း	-	-	-
အခြား	-	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် ခိုင်းနွားမွေးမြူသည့် အိမ်ထောင်စုမှာ(၅၃)စုရှိပြီး အကောင်ရေ (၁၀၇)ကောင်ရှိ၍ လယ်ယာလုပ်ငန်းတွင် ခိုင်းစေရန်နှင့် အသက်မွေးဝမ်းကျောင်းရန် မွေးမြူပါသည်။ နို့စားစွားမွေးမြူသည့် အိမ်ထောင်စု(၅)စုရှိပြီး အကောင်ရေ(၉)ကောင်ရှိပါသည်။ ကျွဲမွေးမြူသည့် အိမ်ထောင်စု (၂)စုရှိပြီး (၆)ကောင်ရှိပါသည်။ ဆိတ်မွေးမြူသည့် အိမ်ထောင်စု(၁)စုရှိပြီး (၃၀)ကောင်ရှိပါသည်။ ကြက်ခြံနှင့် ဘဲခြံတို့လည်း ရှိပါသည်။ ထို့ကြောင့် ကြက်နှင့် ဘဲကောင်ရေ အလွန်များပြားစွာ ရှိပါသည်။ ဝက်ရောဂါ ကျရောက်ထား၍ ဝက်မွေးမြူမှု နည်းပါးနေခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
မွေးမြူရေး	
စားကျက်မြေ	မရှိပါ။ လယ်ကန်သင်းမှ ရိတ်ကျွေးပါသည်။
ရေရရှိမှု	အဝီစိတွင်း၊ စက်တပ်များမှ ရေရရှိပါသည်။
မြို့တိရစ္ဆာန် လက်လှမ်းမီမှု	တိုက်ကြီးမြို့မှ ဝယ်ယူ၍ရရှိပါသည်။
ချေးငွေ	မရရှိပါ။ ကျေးရွာတွင်း ချေးယူ မွေးမြူကြပါသည်။
သွင်းအားစုဈေးကွက်	အလွယ်တကူ ဝယ်ယူရရှိသည်။
ဝန်ဆောင်မှုဈေးကွက်	စာဖတ်ခြင်း၊ အင်တာနက်များမှ ဗဟုသုတရှာဖွေကြရပါသည်။
ထုတ်ကုန်ရောင်းဝယ်မှု	ကုန်သည်များ ကျေးရွာအရောက် လာရောက်ဝယ်ကြပါသည်။
အိမ်ခြံဝန်းအတွင်း မြေနေရာ လုံလောက်မှု	တစ်နိုင်တစ်ပိုင် လုံလောက်မှုရှိပါသည်။
အခြား	မရှိပါ။
ငါးလုပ်ငန်း	
ငါး/ပုဇွန် သားပေါက် လက်လှမ်းမီမှု	-
ချေးငွေ	-
သွင်းအားစု လက်လှမ်းမီမှု	-
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	-
ထုတ်ကုန်ရောင်းဝယ်မှု	-
အခြား	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် မွေးမြူရေးကဏ္ဍအတွက် အခွင့်အလမ်းများမှာ စားကျက်မြေ မရှိသော်လည်း လယ်ကန်သင်းရိုးမှ နွားစာမြက်ရရှိပါသည်။ ရေကိုလွယ်ကူစွာ

ရရှိနိုင်သည်။ သွင်းအားစုစျေး ကွက်မှာ လက်လှမ်းမီ၍ ထုတ်ကုန်ရောင်းဝယ်မှု လာရောက်ဝယ်ယူသော်လည်း စျေးနှိမ်ကြပါသည်။ နေအိမ်ခြံ ဝန်းများတွင် တစ်ပိုင်တစ်ပိုင် မွေးမြူရန် မြေနေရာ လုံလောက်မှု ရှိပါသည်။ မွေးမြူရေးကဏ္ဍတွင် ရောဂါကာ ကွယ်ရန် အသိပညာ၊ အတတ်ပညာများ ပို့ချပေးပါက တိုးတက်ကောင်းမွန်လာမည် ဖြစ်ပါသည်။

(၂.၂.၂.၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာနှင့်စိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
မွေးမြူရေး	
ချေးငွေရရှိနိုင်မှု	မရရှိပါ။
ကူးစက်ရောဂါဖြစ်ပွားမှု	ဝက်နားရွက်ပြာရောဂါ၊ ကြက်လည်လိမ်ရောဂါများဖြစ်ပွားပါသည်။
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	မရရှိပါ။ လက်လှမ်းမီမှု မရှိပါ။
စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများအတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု	လက်လမ်းမီမှု မရှိပါ။
အခြား	မရှိပါ။
ငါးလုပ်ငန်း	
ငါးဖမ်းခွင့်ရရှိနိုင်မှု	-
ချေးငွေရရှိနိုင်မှု	-
အခြား	-

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းအတွက် ပြဿနာနှင့် စိန်ခေါ်မှုများမှာ လုပ်ငန်းတိုးချဲ့ရန် ချေးငွေလုံလောက်စွာ မရရှိပါ။ ကူးစက်ရောဂါကျရောက်မှုမှာ နွားများခွါနာလျာနာနှင့် ဝက်နားရွက်ပြာရောဂါများ ဖြစ်ပွားသည်။ နည်းပညာအကူအညီနှင့် နည်းလမ်းများ လက်လှမ်းမီမှု မရှိပါ။

(၂.၂.၃) စိုက်ပျိုး မွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

(၂.၂.၃.၁) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၂) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့် ဝန်ဆောင်မှု)	လုပ်ငန်းအရေအတွက်	ဝန်ထမ်း / အလုပ်သမားအရေအတွက်	မိသားစုဝင်လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ် လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	-	-	-	-
၂	ထုတ်ကုန်လုပ်ငန်း	၃	၁၈	၅	မြင့် (လုပ်ငန်းရှင်များ)
၃	လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး	-	-	-	-
၄	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	၈	၁၂	၂	လတ် (ရာသီအလိုက် လုပ်ကိုင်ရခြင်း)
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	၅	-	-	မြင့် (ကျွမ်းကျင်သူ နည်းပါးခြင်း)
၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ)	၁၀	-	၁၆	လတ် (ပုံမှန်မရှိခြင်း)
၇	လက်လီ-လက်ကား ရောင်းဝယ်ရေး	၄၅	-	၅၂	လတ်
၈	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	၁	-	၁	မြင့်
